# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ဆုံးမသော စကားကို နားထောင်သော သူမူကား ၊
သမ္မာသတိနှင့် ပြည့်စုံတတ်၏။ (သုတ္တံ ၁၅:၅)

အမှတ်စဉ် (၅၃) | ဇန္နဝါရီလ | ၂၀၀၆ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## သူမသေရသေး



က တယ်လီဖုန်း ထဲက တဆင့် ကြားလိုက်ရတဲ့ သတင်းစကားတွေကြောင့် "ဘုရား" တရင်း ဘာမှ ပြန်မပြော နိုင်လောက်အောင် ကျွန်မ နှုတ်ဆိတ်လို့ သွားပါတယ်။ ဒဏ်ရာ အခြေအနေကို ဝါရင့် ဆရာဝန်သာ အသိဆုံးမို့ "မရတော့ဘူး" လို့ ဆုံးဖြတ်ချက်ချ သတင်း ပေးပြီးကာမှ "သူ" ဘာ့ကြောင့် အသက်မသေဘဲ ပြန်ကောင်း သွားတာလဲ။

ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ဘဲ ဆိုတာ မိသားစု အားလုံး ထုတ်ဖော်ဝန်ခံချီးမွမ်းကြပေမဲ့ သူ့ကို ဘာ့ကြောင့် ဘုရားသခင်က အသက် ဆက်ရှင် စေလိုတာလဲ ဆိုတဲ့ လေးနက်တဲ့ အဓိပ္ပါယ်ကို သိဖို့ ကျွန်မရဲ့ အသိစိတ်က စူးစမ်းနေမိပါတော့တယ်။

သူ – "သူ" ဆိုတာက ကျွန်မရဲ့ မောင် အငယ်ဆုံးလေး၊ တစ်ဦးတည်းသော မောင်ငယ် ဆိုရင်လဲ မမှားပါဘူး။ ဒို ရေ မီ ဖာ ဆို လာ တီ ဒို ထက်မက များပြားလှသော မောင်နှမများထဲမှ တစ်ဦးတည်းသော ဘုရားသခင်၏ အမှုတော်ဆောင်၊ အမေ အသက်ကြီးမှ ရသည့် သားမို့ ဘုရားက အပိုပေးတဲ့ ဆုလို့ မိသားစုဝင်များက သတ်မှတ်ထားကြသည်။ ထို့ကြောင့် အမှုတော်ဆောင်ဖြစ်ဖို့ အမေ ကိုယ်တိုင် ဆုတောင်း ဆက်ကပ်ထားသည့် သား၊ နောက်ဆုံးပိတ် အိတ်နဲ့ လွယ် ဆိုသလို အမေ့ ဆန္ဒတွေ ပြည့်ဝသွားအောင် ဘုရားသခင့် အကြံတွေ ပြီးမြောက်သွားအောင် တစ်ခြား မောင်နှမတွေနှင့်မတူ "ဘုရားအမှုတော်ဆောင်" ဆိုသည့် လမ်းကျဉ်းလေးထဲကို သူ ခြေစုံပစ် ဝင်ခဲ့သည်။

ကြည့်ပါအုံးလေ၊ အဖြစ်က မြင်းလှည်းနဲ့ ကား ဝင်တိုက်မိတာ၊ ခရီးသည် အားလုံးထဲမှာမှ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရတဲ့ သူက သူ တစ်ယောက်တည်း၊ ပြင်းထန်တဲ့ ဒဏ်ရာ ရပုံကလဲ ကြောက်စရာ ကောင်းလှသည်။ အချွန်တစ်ခုက သူ့ရဲ့ ကျောပြင်ကို ထိုးဖောက်ဝင်ရောက် သွားရုံမက ဝမ်းဗိုက်အထိ ပေါက်ထွက်သွားခဲ့သည်။ ထို ဒဏ်ရာကြောင့် ဝမ်းဗိုက် အတွင်းမှ အူများ အပြင်သို့ ထွက်ကျသွားခဲ့သည်။ သူနဲ့အတူ ကျွန်မရဲ့ ဖခင်ဖြစ်သူပါ ကား ပေါ်မှာ အတူ ပါတာမို့ ဘာမှ မဖြစ်သော ဖခင်က သားဇောကြောင့် ထို အချွန်ကြီးအား ပြေး၍ ဆွဲနှုတ်ခဲ့သည်။

အမှန်မှာ ထိုကဲ့သို့ မနှုတ်ရပါ၊ ဆရာဝန် ပြောပြချက်အရ သွေးထွက်လွန်မှာစိုးသောကြောင့် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ သတိ တစ်ချက်မှ မလွတ်သူက မောင်ငယ် ပင်ဖြစ်သည်။ ထွက်ကျနေသော အူများကို လက်နှင့် ပြန်လည် သိပ်ထည့်ရင်း ဘုရားသခင်အား တမ်းတ နေရှာသည်။

ဆေးရုံ ရောက်သောအခါ သွေးထွက်လွန်နေသောကြောင့် "လုံးဝ မရတော့ပါ" ဟု ဆရာဝန်က မှတ်ချက်ချသည်။ ထိုကဲ့သို့ ဒဏ်ရာရသော သူများမှာလည်း အသက်ရှင်စရာ လမ်းမရှိတော့ပါဟု ဆက်လက် ရှင်းပြသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင် ဆေးရုံမှ ဆရာဝန်များ လက် မှိုင်ချသွားရလောက်အောင် ဆေးပညာသည် ခေတ်နောက်ကျခဲ့ ရလေပြီ။

အကြောင်းမှာ ဆရာဝန်များ အံ့သြသွားရလောက်အောင် ကျွန်မ၏ မောင် အသက်ဆက်၍ ရှင်ခဲ့သောကြောင့်တည်း။ ဩော် တကယ်တော့ လူ့ဘဝ သည် ရခဲလွန်းလှသည် ထို ရခဲလွန်းသော အသက်ကို ဘုရားရှင်က ဆက်၍ ပေးခဲ့ပြန်သည်။ ကျွန်မတို့ အယောက်စီတိုင်း၏ အသက်သည် ထိုသခင်ထံ၌ ဗုက်ထား လျှက် ရှိပါသည်။

**ကောလောသဲ ၃း၃ – သင်တို့သည် သေသောသူဖြစ်၍ သင်တို့ အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဗုက်ထားလျှက်ရှိ၏**

ထို အသက်သခင်ကို ယုံကြည်သော သူအပေါင်းတို့သည် ဘုရားသခင်၏ အကြံအစည်တော်အောက်တွင် လုံခြုံစွာ သွားလာလှုပ်ရှား အသက်ရှင်ခွင့် ရကြပေသည်။ ထိုသခင် အခွင့် မရှိလျှင် (သို့) အချိန် မတန်လျှင် အဘယ်သူမျှ ကောင်းကင်နိုင်ငံတော်သို့ စောစီးစွာ မပြန်ရပါ။ မည်သည့် သေခြင်း လက်နက်ကမှ ယုံကြည်သူများကို ထိုသခင်၏ လက်မှ နှုတ်ယူ၍ မရနိုင်ပါ။ ယုံကြည်သူတိုင်းသည် ဘုရားသခင်အားဖြင့် အသက်ရှင်လျှက် လှုပ်ရှားလျှက်ရှိကြပါသည်။

**တ ၁၇း၂၈ – ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျှက်၊ လှုပ်ရှားလျှက်၊ ဖြစ်လျှက်ရှိကြ၏။**

ထို့ကြောင့် ကျွန်မ၏ မောင်ငယ် ကြုံတွေ့ခဲ့ရသော သေဘေးသည် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားစေရန် သက်သက်သာ ဖြစ်ပါသည်။ ဟာလေလုယာ။

ထိုနည်းတူ အသက်ဆက်၍ ရှင်ခဲ့ရခြင်းသည်လည်း အကြောင်းမဲ့ သက်သက် မဟုတ်နိုင်ပါ။

**သူ မသေရသေး** အသက်ရှင်၍ ဘုရားသခင်၏ အမှုတော်ကို ကြားပြောရအုံးမည် မဟုတ်ပါလား။ ။

**ငါမသေရသေး၊ အသက်ရှင်၍ ထာဝရဘုရား၏ အမှုတော်တို့ကို ကြားပြောရအုံးမည်။ ဆာလံ ၁၁၈း၁၇**

အသက်ဆက် သခင်အား ကျေးဇူးတင်လျှက် –

**ဆူးရင့်ဓိဓိမ်း** ( ခေတ္တ – ကမ္ဘာမြေ )

ooooooooooooooooooooooooooooooooooooooooooo

## သူ (သို့) လူ



အပြစ် ဆိုတာ မသိလို့လား ၊အသစ် ဆိုတာ မရှိလို့လား ၊
ဆိုးသွမ်းခြင်းဆိုတဲ့ လမ်းဟောင်းအတိုင်း
လျှောက်လှမ်းနေသူရယ် ။
တရား ဆိုတာ မသိလို့လား ၊
ဘုရား ဆိုတာ မရှိလို့လား ၊
မေတ္တာတရား ခေါင်းပါးခြင်းဆိုတဲ့
ရက်စက်ကြမ်းကြုတ်ခြင်း လမ်းအတိုင်း
လျှောက်လှမ်းနေသူရယ် ။
အချစ် ဆိုတာ မသိလို့လား ၊ မေတ္တာ ဆိုတာ မရှိလို့လား ၊
ကားတိုင်တင် အသေသတ်ခြင်းဆိုတဲ့
ကရာနီ အရပ်ဆီသို့ –
သခင် အသက်ခွေ့ရအောင် မေတ္တာမဲ့စွာ လျှောက်လှမ်းနေသူရယ် ။
အဖြစ်အပျက် ဆိုတာ မသိလို့လား ၊
လက်တွေ့ မျက်မြင် မရှိလို့လား ၊ ယုံမှားခြင်း ဆိုတဲ့ –
သံသယလမ်းကျယ်ထဲမှာအဆင်ခြင်မဲ့စွာလျှောက်လှမ်းနေသူရယ်။
ပြောနေတာတွေ မသိလို့လား ၊
ကြားနိုင်တဲ့ နားတွေ မရှိလို့လား ၊
ပျက်စီးခြင်းဆိုတဲ့ –
ထာဝရလမ်းဆုံးထဲကို အသိတရားမဲ့စွာ လျှောက်လှမ်းနေသူရယ် ။

**ခပ်သိမ်းသော အမှုအရာတို့သည် အဆုံးသို့ ရောက်လုသည် ဖြစ်သောကြောင့် သမ္မာသတိ ရှိကြလော့။ ဆုတောင်းခြင်း အလို့ငှာ စောင့်နေကြလော့။ အခြားသော အမှုအရာထက်မက အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာ ရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏။**

**၁ပေ – ၄း၇–၈**

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ – **( ဓမ္မဥျှိန် )**

မင်းအောင်သက်လွင် စီစဉ်ထုတ်ဝေသည်။ Min Aung Thet Lwin, Blk 76A #30-02 Red Hill Road, Singapore 151076 ( email; min_atl@yahoo.com.sg)




# နှစ်သစ်အခတွက်ပုံပြင်

တစ်ခါတုံးက ခေတ်မှီတိုးတက်တဲ့ တောအုပ်ကြီး တစ်ခုထဲမှာ ခြင်္သေ့ကြီး တစ်ကောင် နေထိုင်လျှက် ရှိတာပေါ့ကွယ်။ တစ်ခုသော နံနက်ခင်း မှာ ခြင်္သေ့ကြီးဟာ သူ့ရဲ့လိုဏ်ဂူ အရှေ့မှာ အပြင်းပြေ နေပူစာလှုံ လမ်းလျှောက် နေတာပေါ့။ အဲဒီအချိန်မှာ ဝက်ဝံကြီး တစ် ကောင်က သူ့ရဲ့ **LapTop computer** ကိုကိုင်ပြီး မျက်နှာ မသာ မယာနဲ့ လမ်းလျှောက်လာတာ ကို တွေ့လို့ ခြင်္သေ့ ကြီးက "ဟေ့ – စောစောစီးစီး ဘာဖြစ် နေတာလဲ။ မျက်နှာ မသာမယာနဲ့ ပါလား" လို့ မေးလိုက်တော့ ဝက်ဝံက





"ကျွန်တော် သုံးနေတဲ့ ကွန်ပျူတာ ပျက်သွားလို့ ဒုက္ခ ရောက်နေတာ ပါ"လို့ ပြန်ပြောပါတယ်။ အဲဒီအခါမှာ ခြင်္သေ့က

"အိုကွာ – ဒါလေးများ လွယ်လွယ်လေးပါ ငါပြင်ပေးမှာပေါ့"လို့ ဆိုတဲ့အခါ ဝက်ဝံကြီးက "မဖြစ်နိုင်တာတွေ မပြောပါနဲ့ဗျာ။ ကျွန်တော်တောင် **Key board** ကို လက်ချောင်းလေးတွေနဲ့ သေသေချာချာ ချိန်ပြီး နှိပ်နေရတာ၊ ခင်ဗျားရဲ့ လက်ကြမ်းကြီးနဲ့ **Screw** တွေကို ဖြုတ်ဖို့ နေနေသာသာ၊ **Key board** က စာလုံးတွေကိုဘဲ အရင်မှန်အောင် နှိပ်ကြည့်ပါအုံး" လို့ ပြန်ပြောနေတုန်း မှာဘဲ ခြင်္သေ့က ဝက်ဝံရဲ့ **Lap Top** ကို ဆတ်ကနဲ ဆွဲယူလိုက်တယ်။ "မင်းမယုံရင် အပြင်မှာ ခနစောင့်နေ၊ ငါပြင်ပြီး ယူခဲ့ မယ်" ဆိုပြီး၊ ပြောပြောဆိုဆိုနဲ့ ဂူထဲကို ဝင်သွား ပါတော့တယ်။

ဝက်ဝံဟာ ခြင်္သေ့ကို ကြောက်တာရော၊ မတတ်သာတာရော၊ မယုံတဲ့စိတ်တွေ ရောပွမ်းပြီး၊ မချင့်မရဲနဲ့ ဂူဝမှာ တထိတ်ထိတ်နဲ့ စောင့်နေတာပေါ့ကွယ်။ တော်တော်လေးကြာတော့ ခြင်္သေ့ကြီးဟာ **LapTop Computer** ကိုကိုင်ပြီး ပြန်ထွက်လာပါတော့တယ်။ "မင်း ကွန်ပြူတာ ကောင်းသွားပြီ၊ စမ်းကြည့်လိုက်အုံး"လို့ဆိုတော့ ဝက်ဝံကြီးလည်း သူ့ရဲ့ ကွန်ပြူတာကို ဖွင့်ပြီး စမ်းသပ်ကြည့်တာ အကောင်းပကတိ ဖြစ်နေတာကို အံ့သြစွာနဲ့ တွေ့လိုက်ရတော့ ခြင်္သေ့ကြီးကို အထူးကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောကာ ပျော်ရွှင်စွာနဲ့ ပြန်သွားပါတော့တယ်။

ဝက်ဝံကြီးက ဖေါက်သယ်ချ လိုက်လို့ မြွေခွေးလည်း သူ့အိမ်က ပျက်နေတဲ့ **Home Theater** ကို သယ်လာပြီး ခြင်္သေ့ကြီး ကို အပူကပ်တော့လဲ၊ ခြင်္သေ့ကြီးက ဝမ်းသာစွာနဲ့ လက်ခံတာပေါ့ကွယ်။ ဒါပေမဲ့ မြွေခွေးကတော့ ခြင်္သေ့ကြီး ဘယ်လို ပြင်သလဲဆိုတာ သိရအောင် ဂူထဲ အထိ လိုက်ချောင်းကြည့်တာပေါ့။ အာလာလာ – ခြင်္သေ့ကြီးက ပြင်တတ်မှာပေါ့၊ သူ့ရဲ့ ဂူထဲမှာ ပညာရှိယုန်တွေကို အများကြီး မွေးထားတာကိုး။ သူ့ရဲ့ **Home Theater** ကိုလဲ သူ့အပိုင်းနဲ့သူ၊ အစီစဉ် တကျ တစ်စစီ ဖြုတ်ပြီး ကျွမ်းကျင်သွက်လက်စွာ ပြင်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ဘဲ မြွေခွေးလဲ မသိသလိုနဲ့ ဂူဝကို ပြန်ထွက်လာပြီး၊ အသာ ထိုင်စောင့်နေတာပေါ့။ ခနကြာတော့ ခြင်္သေ့ကြီး ထွက်လာပြီး၊ မြွေခွေးကို သူ့ရဲ့ **Home Theater** ကောင်း မကောင်း စမ်းသပ်ကြည့်ပြီး ယူသွားဖို့ပြောတော့၊ မြွေခွေးလဲ ယုန်တွေကို စိတ်ချပြီး စမ်းသပ် မနေတော့ဘဲ ပျော်ရွှင်စွာနဲ့ အိမ်ပြန် ယူသွားတာပေါ့ကွယ်။ ဒီပုံပြင်လေးက ဒီလောက်ပါပဲ။ နောက်ပုံပြင် တစ်ပုဒ်ကတော့ –

နေသာသော နေ့တနေ့မှာ ယုန်ကလေးတစ်ကောင်က ဂူရှေ့မှာ ကွန်ပြူတာ တစ်လုံး၊ စာအုပ်တစ်ပုံနဲ့ အလုပ်ရှုပ်နေတာပေါ့ကွယ်။ အဲဒီအချိန်မှာ ဝံပုလွေ တစ်ကောင်က ယုန်လေးကို ဖမ်းစားဖို့ ရောက်လာတာပေါ့။ ဒါပေမဲ့ ယုန် ကလေးက သူအလုပ်များနေလို့ မစားပါနဲ့အုံး။ သူပြုစုနေတဲ့ စာတမ်းပြီးရင် သူ့ကို စားပါလို့ ပြောလာတော့ ဝံပုလွေလဲ သဘောတူလိုက်တာပေါ့။ ဝံပုလွေလည်း ယုန်ကလေးနားမှာ ထိုင်စောင့်နေရင်း၊ သူ ဘာစာတမ်း ပြုစုနေသလဲ၊ ဘယ်တော့ပြီး နိုင်မလဲလို့ စပ်စုပြီး ကွန်ပြူတာကို ကြည့်လိုက်တော့ ခေါင်းစဉ်က "ရွှေယုန်တို့အတွက် စားသောက်ဖွယ်ရာ ဝံပုလွေ တစ်ကောင်လုံးကို ချက်ပြုတ်စားသောက်နည်း" ဆိုတာကို တွေ့လိုက် ရတယ်။ ဒါနဲ့ ဝံပုလွေက ဟက်ဟက်ပက်ပက် ရယ်မောပြီး၊

"မဖြစ်နိုင်တာဘဲ၊ မင်းက ဟင်းသီး ဟင်းရွက်ဘဲ စားနေတာ။ မင်းကို ငါ အခုဘဲ စားတော့မလို့ အချိန်ကုန်ခံပြီး လုပ်မနေနဲ့ကွာ" လို့ပြောတော့၊ ယုန် ကလေးက "မယုံရင် ကျွန်တော် စမ်းသပ်ထားတာတွေ ဂူထဲမှာ ရှိတယ်။ ကျွန်တော်နဲ့ အတူလိုက် ကြည့်ပါလား"လို့ ပြောတော့၊ ဝံပုလွေလည်း

"ကြည့်ရသေးတာပေါ့၊ မဟုတ်ရင်တော့ မင်းကို သတ်စားပစ်မယ်" ဆိုပြီး ယုန်နဲ့ အတူ ဂူထဲကို လိုက်ကြည့်တာ ပေါ့။ ဒီမှာတင်ဘဲ ယုန်လေးက ဂူထဲမှာရှိနေတဲ့ ခြင်္သေ့ကြီးနဲ့ မိတ်ဆက် ပေးလိုက်တာပေါ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါဘဲကွယ်။

ဒီပုံပြင်လေးတွေကနေပြီး မိတ်ဆွေကို ပေးနိုင်တဲ့ သင်ခန်း စာကတော့ – – –

၁။ မိတ်ဆွေ ဘာမှ မလုပ်တတ်ရင် နေပါစေ၊ အရာရာကို တတ်နိုင်တဲ့ ဘုရားသခင်ကို ကိုးစားရင် မိတ်ဆွေတို့အတွက် နောက်တန်း ကနေ အမြဲ ရှိနေတယ်၊ လိုအပ်တာ မှန်သမျှကို အချိန်မှီ ဖြည့်ဆည်းပေးနေတယ် ဆိုတာကို မမေ့ပါနဲ့။

၂။ မိတ်ဆွေတို့ မဖြစ်နိုင်တာကို လုပ်နေတယ် ဆိုအုံးတော့၊ ဘယ်သူ့အတွက် အစေခံ နေတယ်၊ ဘယ်သူ့အတွက် လုပ်နေတယ် ဆိုတာ သိရင် မဖြစ်နိုင်တာ မရှိဘူးဆိုတာ ယုံကြည်စွာနဲ့ ဇွဲမလျော့ဘဲ လုပ်ဆောင်ကြဖို့ကို နှစ်သစ်မှာ ခွန်အား ပေးလိုက်ပါတယ်။

(ဝန်ခံချက် –

ရရှိခဲ့သော **Management e mail** ကို ဘာသာပြန်ဆို ပါသည်။ )

**Zero (Blue Stars Brothers)**

# သက်သေခံချက်



ဘုရားသခင်၏ ကျေးဇူးတော်များသည် ကျွန်မတို့၏ အသက်တာ တွင် ချီးမွမ်း၍ မကုန်နိုင်ပါ။

ယခု ကျွန်မ ကြည့်ရှုပြုစုနေရသော လူမမာ အဖွားအိုသည် တချိန်က ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည် လက်ခံခဲ့ဖူး ပါသည်။ ယခုအချိန်တွင် အဖွားအိုသည် သူ၏ သားနှင့် အတူနေရပြီး သားဖြစ်သူမှာ ရာထူး ဩဇာအာဏာရှိသူ ဖြစ်သည့်အပြင် ငွေကြေးကြွယ်ဝ ချမ်းသာသော မယုံကြည်သူ ( - - - ) ဘာသာဝင် တစ်ဦး ဖြစ်ပြီး မိမိ၏ ဘာသာတရား ဘက်တွင် စိတ်အားကြီးသော တယူသန်သမား တစ်ယောက် ဖြစ်သည်။

သားကို ချစ်ကြောက်ရသော မိခင်အဖွားအိုမှာ သားဖြစ်သူက ခြိမ်းခြောက် မေးသောအခါ သူများ တိုက်တွန်း၍သာ ခရစ်တော်ကို ကယ်တင်ပိုင်ရှင် အဖြစ် လက်ခံခဲ့ရကြောင်း မိမိကိုယ်တိုင်ကမူ စိတ်မဝင်စားခဲ့ကြောင်း ရှင်းပြ ခဲ့ရလေသည်။

ယခုအချိန်တွင် အဖွား၏ အခြေအနေသည် စကားမပြောနိုင်၊ အစာ မစားနိုင်တော့သော ဒုက္ခိတ တစ်ဦး ဖြစ်နေချေပြီ။ **Nasogastric Tube Feeding** ဖြင့် နှာခေါင်းပေါက်မှ တဆင့် ပိုက်ဖြင့် အစာများကို ကျွေးနေရသော အဆင့်ထိ ရောက်နေပါသည်။

> **လောကီစည်းစိမ် အရှိန်အဝါ တစ်ခုကြောင့် ထာဝရ ငရဲ နှင့် ထာဝရ ကောင်းကင် သွားရာ လမ်းဆုံလမ်းခွ ရောက်နေသော မိခင်အိုကြီးကို မသနားဘဲ - - -**

ကျွန်မ အနေဖြင့် တချိန်က ခရစ်တော်ကို ယုံကြည် လက်ခံဖူးသော အဖွားအား ယခု လူ့ဘဝ၏ နောက်ဆုံး အချိန်တွင် ကယ်တင်ခြင်းစိတ်ချမှု ရရှိစေချင်မိသည်။

အဖွားသည် **Hokkien** တရုတ်လူမျိုးဖြစ်ပြီး **Hokkien** သီချင်းဖွင့်လိုက်တိုင်း နိုးကြားလာသောကြောင့် ကျွန်မ၏ စိတ်ထဲတွင် အဖွားအတွက် **Hokkien** ဘာသာစကားဖြင့် ရေးသားသီဆိုသော ခရစ်ယာန်တေးများကို ဖွင့်ပြပြီး သူ့ရဲ့ ဝိညာဉ်ရေးကို တဖန် နိုးကြားစေချင်မိပါသည်။ ထို့ကြောင့် အဖွားအတွက် ခရစ်ယာန် **Hokkien** စီဒီ သီချင်းခွေ ရရန် ဘုရားသခင်ထံ ဆုတောင်းမိပါသည်။

**ခတိ ၂း၄ - လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာ တရားကို သိစေခြင်းငှာ ဘုရားသခင် အလိုရှိ၏။**

ကျွန်မလို ရန်ကုန်က လာသော မအူမလည် သူနာပြု တစ်ယောက် အနေနှင့် ဒီသီချင်းခွေကို စင်ကာပူလို ဘယ်နေရာမှာ သွားရှာဝယ်ရမှန်းလဲ မသိပါ။ ရှားရှားပါးပါး အလုပ်နားရက် အပြင်ထွက်ခွင့်ရသည့် အချိန်တွင်လဲ ကျောင်းက တဘက် တက်ရသေးသည်မို့ အခွေဝယ်ရန် စုံစမ်းဖို့အချိန်ပင် မလောက် နိုင်ပါ။ အဖွား၏ ချွေးမဖြစ်သူ ကာသိုလ်လစ် ဘာသာဝင်အား မေးမြန်း ကြည့်သည့်အခါ အဖွားသည် တစ်သက်လုံး မိရိုးဖလာ ( - - - ) ဘာသာဝင်တစ်ဦး ဖြစ်သောကြောင့် သူ၏ ယခု နောက်ဆုံးချိန်တွင် ကောင်းရာမွန်ရာ ဘုံ သွားပါစေ၊ စိတ် အနှောက်အယှက် မပေးပါနှင့်ဟု အလိမ္မာနည်းဖြင့် ကျွန်မကို ပညာသား ပါပါ 'ပ' ထုတ်လိုက်ပါသည်။

ဤသည်မှာလဲ ခရစ်တော်ကို ယုံကြည်လက်ခံခြင်းမှ တပါး မည်သူမှ ကောင်းကင်ဘုံ မရောက်နိုင်ကြောင်းကို သူ မသိ၍ ပြောခြင်းလော၊ သိလျှက်နှင့် ပြောခြင်းလောဟု ကျွန်မ ဝေခွဲ မရနိုင်ခဲ့ပါ။

ကျွန်မလဲ ဇွဲမလျှော့ဘဲ အဖွား၏ သမီးများ ( ခရစ်ယာန် ဘာသာဝင် ) ကို တောင်းဆိုကြည့်ပြန်သည်။ သို့သော် သူတို့ မောင်၏ ကြီးမားသော ဂုဏ် အရှိန်အဝါကို မလွန်ရဲသောကြောင့် ယူလာမည်ဟု ပြောပြီး တစ်ခါမှ ယူမလာဘဲ ကျွန်မ မေးလိုက်တိုင်း ဆင်ခြေ အမျိုးမျိုးပြကာ ရှောင်လွှဲခဲ့ကြလေသည်။

ကျွန်မ အရမ်းအံ့ဩမိသည်မှာ ထိုခရစ်ယာန်များသည် ခရစ်တော်၏ ကောင်းမြတ်ခြင်းများ၊ အံ့ချီးဘွယ်ရာများကို ဘုရားကျောင်း၏ လူအများရှေ့တွင် ရွှန်းရွှန်းဝေအောင် ပြောနေကြသော်လည်း သေမင်းကို ခြေတစ်ဘက် လှမ်းနေပြီ ဖြစ်သော ဒုက္ခိတ ဝေဒနာရှင် အမေအိုကြီး၏ ဝိညာဉ်ရေးအတွက် မစိုးရိမ်ကြဘဲ လောကီစည်းစိမ် အရှိန်အဝါတစ်ခုကြောင့် ထာဝရ ငရဲ နှင့် ထာဝရ ကောင်းကင် သွားရာ လမ်းဆုံလမ်းခွ ရောက်နေသော မိခင်အိုကြီးကို မသနားဘဲ လျစ်လျူရှု နေကြလေသည်။ ထိုအကြောင်းအရာ များကို စဉ်းစားမိ တိုင်း ကျွန်မ မျက်ရည်ကျမိသည်။

သို့သော် ဇွဲမလျှော့ဘဲ ထို စီဒီ ရရန်နှင့် အဖွား ကယ်တင်ခြင်း ရရန် အတွက် ဆုတောင်းနေမိသည်။ ထို့အပြင် ကျွန်မ လည်ပင်း၌ ဆွဲထားသော ကားတိုင်လေးကို ညွှန်ပြပြီး "သခင်ယေရှု အဖွားကို ချစ်တယ်" လို့ တရုတ်လို အမြဲ ပြောပြကာ ပြုံးပြုံးလေးနမ်းပြီး အမြဲတမ်း ကြင်နာမှု ပြခဲ့ပါသည်။ သူတစ် ယောက်တည်း အထီးကျန် မဖြစ်စေရန်အတွက်လဲ ဖြစ်ပါသည်။

အဖွား၏ချွေးမမှာအလွန်ချမ်းသာသော ကြောင့် လူအိုရုံ တစ်ခုတွင် လစဉ် အလှူတစ်ခုခု ပြုလုပ်ပေးစမြဲ ဖြစ်သည်။ တစ်နေ့ - အလှူပွဲမှ အပြန် တွင် သူ ယူသွားမြဲ ဖြစ်သော **CD Player** နှင့် **CD** ချပ်များကို ထားနေကျအခန်း ဖြစ်သည့် ကျွန်မနှင့် အဖွားနေသော အခန်းတွင် လာထားရာ ကျွန်မ အမှတ်မထင် ယူကြည့်လိုက် သည့်အခါ **Hokkein Praise & Worship CD** သုံးချပ်ကို တွေ့လိုက်ရပါသည်။ ကျွန်မလဲ ဘုရား သခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပြီး ထိုစီဒီ များဖြင့် သူ့သား မရှိသည့်အခါတိုင်း အဖွားကို ယနေ့တိုင် ဖွင့်ပြပေးခဲ့ပါသည်။

အဖွား၏ နောက်ဆုံးခရီးမှာ ခရစ်တော်၏ မေတ္တာကို သေချာရ သွားစေချင်သည်။ ဘာဘဲဖြစ်ဖြစ် သူ့ သိစိတ်နှင့် မသိစိတ်က ယုံကြည် လက်ခံလိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။

ဘုရားသခင်သည် ဘယ်လို အခက်အခဲ ဖြစ်နေပါစေ၊ လမ်းပိတ်နေပါစေ၊ တနည်းနည်းဖြင့် ကျွန်မတို့၏ ဆုတောင်းသံ ကို နားညောင်းကာ အဖြေပေးသော ဘုရားဖြစ်ပြီး လူအပေါင်းတို့ကို ကယ်တင်ခြင်းရပြီး သမ္မာတရား သိစေခြင်းငှာ အလိုရှိသော အရှင်ဖြစ်ကြောင်း ခရစ်တော်၏ မေတ္တာ၌ ဝေငှလိုက်ပါသည်။ **ရောဒေ**




အမှတ်တမဲ့ လမ်းလျှောက်လာရင်း မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ ခပ်ဟော့ဟော့ ကောင်မလေးနဲ့ ဝင်တိုက်မိလုနီးပါး ဖြစ်သွားတာမို့ ကျွန်တော် ဘေးဘက်ကို ရှောင်လိုက်ပါတယ်။ ဖြစ်ချင်တော့ ကျွန်တော် ရှောင်တဲ့ဘက်ကို ကောင်မလေးကလဲ လိုက်ရှောင်တာမို့ ပိုဆိုးသွားပါတယ်။ "ဆောရီး" လို့ပြောပြီး ကျွန်တော် ဘယ်ဘက်ကို ရှောင်အထွက်မှာ ကောင်မလေးလဲ ကျွန်တော် ရှောင်တဲ့ဘက်ကို တိုးလာပြီး၊ ကျွန်တော့် ရှေ့က နေ လက်နှစ်ဘက်ကာပြီး တားထားပါတယ်။ တဆက်တည်းမှာဘဲ၊ "စကားနဲနဲ ပြောချင်လို့၊ အချိန်ရမလား" လို့ချိုသာတဲ့ စကား၊ လှပသော အပြုံးလေး

နဲ့ ကောင်မလေးက ကျွန်တော့်ကို ရွှန်းရွှန်းစားစား စိုက်ကြည့်ပြီး ဆိုလာပါတယ်။

မြတ်စွာဘုရား၊ ကျွန်တော့် တစ်သက်နဲ့ တစ်ကိုယ် ဒီလို မိန်းမလှလေးက လမ်းမှာပိတ်ရပ်ပြီး စကားလာပြောတာ မခံဘူးခဲ့တာမို့ စိတ်ဝင်စားသွားမိပါတယ်။ ကောင်မလေးက ထပ်ပြုံးပြပြီး လက်ထဲက ဖိုင်တွဲကို ပုတ်ကာ "ရှင့်ကို မေးစရာ မေးခွန်းလေးတွေရှိတယ်။ ကျေးဇူးပြုပြီး ဖြေပေးနိုင်မလား" လို့မေးလာပါတယ်။ ဩော် - လက်စသတ်တော့ ဒင်းက စီးပွားရေး လာလုပ်နေတာကိုး လို့တွေးပြီး ကျွန်တော် သဘောပေါက်သွားပါတယ်။

အချိန်က - ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၊ နေရာက - စင်ကာပူ **Orchard** လမ်းမကြီးပေါ်မှာ၊ ကျွန်တော်ရယ်၊ ဇနီးသည်၊ မရီး၊ ယောက်ဖ၊ သူငယ်ချင်းတွေ စုံညီစွာနဲ့ တနင်္ဂနွေညနေပိုင်း ဘုရားရှိခိုးကျောင်းက အပြန်မှာ **Orchard** လမ်းပေါ်က ခရစ်စမတ်အလှကို ဓါတ်ပုံရိုက်ဖို့ လာခဲ့ခြင်း ဖြစ်ပါတယ်။ ခရစ်စမတ်သစ်ပင် လှလှ တစ်ပင်ကို နောက်ခံထားပြီး၊ အုပ်စုလိုက် ဓါတ်ပုံ ရိုက်ဖို့ ကင်မရာကိုင်ပြီး အုပ်စုထဲက ဖွဲ့ထွက်လာတဲ့ ကျွန်တော့်ကို ကောင်မ လေးက လာစကားပြောတာ ဖြစ်ပါတယ်။

"နဲနဲပြောမယ်" ဆိုပြီး ကျွန်တော့်ကို မေးလိုက်တဲ့ မေးခွန်းတွေ စုံလို့ဘဲ။ ဘယ်နိုင်ငံသားလဲ၊ ဘာအလုပ် လုပ်သလဲ၊ ဘယ်မှာနေသလဲ၊ ခရစ္စမတ်မှာ ငွေဘယ်လောက် အကုန်ခံခဲ့သလဲ၊ ဘယ်နှစ်ယောက် လာသလဲ၊ ဘာကင်မရာ သုံးသလဲ၊ ဘယ်ဓါတ်ခဲ သုံးသလဲ၊ - - စသဖြင့် မေးလိုက်တာစုံနေတာပါဘဲ၊ ကျွန်တော်လဲ ပြီးပြီးရော သဘောမျိုးနဲ့ ဖြေလိုက်ပါတယ်။ ဓါတ်ပုံ အရိုက်ခံဖို့ စောင့်နေတဲ့ ဇနီးသည်၊ မရီး၊ ယောက်ဖတို့ အုပ်စုကလဲ ကောင်မလေးနဲ့ စကား တွတ်ထိုးနေတဲ့ ကျွန်တော့်ကို မကြည်သလို လှမ်းကြည့်နေကြပါတယ်။

နောက်ဆုံးမှာ ကောင်မလေးက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးပါတယ်။ "**Orchard** လမ်းမကြီးတခုလုံး ဒီလို ခရစ်စမတ် အချိန်မှာ မီးရောင်စုံနဲ့၊ လှပဝေဆာဖို့ ဘယ်ကုမ္ပဏီက ထောက်ပံ့သလဲဆိုတာ လူကြီးမင်းသိပါသလား"တဲ့။ "မသိပါဘူး"လို့ပြန်ဖြေတော့၊ သူက (--) ကုမ္ပဏီက ထောက်ပံ့တာပါတဲ့။ ဟုတ်လေဗျာ သူပြောမှဘဲ ကျွန်တော် ဟိုဟိုဒီဒီ မျက်စိကစားပြီး ကြည့်လိုက်တော့ လမ်းဘေးမီးတိုင် တစ်ခုစီတိုင်းမှာ ခရစ်စမတ်မီးလုံးတွေနဲ့အပြိုင် ကမ္ဘာက သိတဲ့ နာမည်ကြီး ကုမ္ပဏီနာမည်နဲ့ တံဆိပ်ကို နေရာတိုင်းလိုလိုမှာ တွေ့လိုက်ရပါတယ်။ "မသိပါဘူး" လို့ ဖြေလိုက်မိတဲ့အတွက် ကောင်မလေးကို အားတော့ နာသား။ "အခုလို စိတ်ရှည်ရှည်နဲ့ ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကုမ္ပဏီက ပေးတဲ့ လက်ဆောင်လေးကို လက်ခံပါ"လို့ ချိုချိုသာသာပြောပြီး ကျွန်တော့် လက်ထဲကို ကောင်မလေးက လက်ဆောင်အရုပ်လေး တစ်ခု ထည့်ပေးလိုက်ပါတယ်။

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ တုံးက စင်ကာပူ **Orchard** လမ်းမကြီးရဲ့ ခရစ်စမတ်အလှကို (--)ကုမ္ပဏီက တာဝန်ယူထောက်ပံ့ အလှဆင်ခဲ့ပါတယ်။ ဒီလို ရောင်စုံမီးတွေနဲ့ လှအောင် **Orchard** လမ်းမကြီးကို ဘာ့ကြောင့် အလှဆင်ကြပါသလဲ။ ခရစ်စမတ် ရောက်လာလို့လား။

ဘာ့ကြောင့် ခရစ်စမတ် ဖြစ်လာတာလဲ။ ခရစ်တော် မွေးဖွားလို့ပေါ့။ ခရစ်တော် ဘာ့ကြောင့် မွေးဖွားရတာလဲ။ အပြစ်ရှိတဲ့သူကို ကယ်ဖို့ပေါ့။ ကဲ ဒါဆို ရှင်းသွားပါပြီ၊ **Orchard** လှပနေတာ(--)ကုမ္ပဏီက ထောက်ပံ့ခဲ့လို့လို့ ကောင်မလေးလှလှက မရှက်မ□ကာက် တစိမ်းတွေကို တစ်ယောက် ပြီး တစ်ယောက် လိုက်ပြောရဲသေးရင် ဒီလို **Orchard** လမ်းမကြီး လှပရ တဲ့ အဓိက သော့ချက်က ခရစ်တော်ဘုရား ဆင်းသက်ကြွလာတယ် ဆိုတာကို ကျွန်တော်ကရော၊ လူတွေကို လိုက် မပြောရဲဘူးလား။

> ဘုရား သခင်ရဲ့ သာသနာ လုပ်ငန်းမှာ ကျွန်တော်တို့ရဲ့ အရည်အချင်း၊ ရာထူး အဆင့် အတန်း၊ ဝါသနာ၊ အတ္တဆန္ဒ၊ မျိုးချစ်စိတ် တွေနဲ့ ထွေးရော ယှက်တင် ရှေ့တန်း တင်ပြီး လုပ်ဆောင်လာခဲ့ရင် အဲဒီအရာ တွေဟာ၊ ခရစ်တော်ကို ဖုံးကွယ်သွား တတ်ပါတယ်။

ယုံကြည်သူရော၊ မယုံကြည်သူတွေပါ ခရစ်စမတ်ပွဲကို လုပ်ကြတာ ခရစ်တော် ယေရှု ကြောင့် မဟုတ်ပါလား။ နိုင်ငံတကာမှာ အသင်းတော်တွေ၊ ဂိုဏ်းဂဏတွေ၊ သာသနာပြုအဖွဲ့တွေ ပေါ်ပေါက်နေတာ၊ စုရုံး ဘုရားဝတ်ပြုနေကြတာတွေဟာ ခရစ်တော်ကြောင့် မဟုတ်ပါလား။

ခရစ်တော်သာ မပါခဲ့ရင် ကျွန်တော်တို့ အသင်းတော်တည်ထောင်၊ စုရုံး ဘုရားဝတ်ပြု၊ သာသနာပြုခြင်းဟာ၊ သာမာန်စီးပွားရေးလုပ်တဲ့ ကုမ္ပဏီတစ်ခု သာသာ အဆင့်မှာဘဲ ရှိနေမှာပါ။ ဒါတွေကို သိလျက်နဲ့ ဘုရား သခင်ရဲ့ သာသနာ လုပ်ငန်းမှာ ကျွန်တော်တို့ရဲ့ အရည်အချင်း၊ ရာထူးအဆင့် အတန်း၊ ဝါသနာ၊ အတ္တဆန္ဒ၊ မျိုးချစ်စိတ် တွေနဲ့ ထွေးရော ယှက်တင် ရှေ့တန်း တင်ပြီး လုပ်ဆောင်လာခဲ့ရင် အဲဒီအရာ တွေဟာ၊ ခရစ်တော်ကို ဖုံးကွယ်သွား တတ်ပါတယ်။

သာခကေ အနေနဲ့ သမ္မာကျမ်း (တမန်တော် ၈း၉-၂၃) ထဲက "ရှိမုန်" ဆိုတဲ့ လူအကြောင်း ပြောပြချင်ပါတယ်။ တပည့်တော် ရှိမုန် ပေတရု၊ ကားတိုင်ထမ်းသော ကုရေနေပြည်သား ရှိမုန် ဆိုပြီးတော့ "ရှိမုန်" ဆိုတဲ့ နာမည်တွေ အများကြီးရှိတဲ့ အထဲက ကျွန်တော် အခုတင်ပြမဲ့ ရှိမုန် ဟာ တမူထူးခြားတဲ့သူ ဖြစ်ပါတယ်။ ရှိမုန် ဟာ နတ်ဝိဇ္ဇာ သမားတစ်ယောက် ဖြစ်ပါတယ်။

**(တ ၈း၉-၁၂) ရှိမုန် အမည်ရှိသော သူတယောက်သည်၊ ထိုမြို့၌ နတ်ဝိဇ္ဇာ အတတ်နှင့် ပြုပြင်၍ - - - ထိုသူကိုဆည်းကပ်ကြ၏။ - - သူတို့ကို မိန်းမော တွေဝေ စေခြင်းငှါ - - နတ်ဝိဇ္ဇာ အတတ်ဖြင့် ကြာမြင့်စွာ ပြုလျက်နေ၏။**

ရှိမုန်ဟာ သာမာန်လူ မဟုတ်ပါဘူး၊ သူကိုယ်တိုင် နတ်ဘုရားနဲ့ ဆိုင်တဲ့ ပညာရပ်မှာ ဆရာတစ်ဆူ ဖြစ်ပါတယ်။ ဒီလို လူတစ်ယောက်က ခရစ်တော်ကို ယုံကြည်လိုက်တာဟာဖြင့် ဝမ်းသာစရာ ဘဲပေါ့။ ယခုခေတ် မှာ ဆိုရင်ဖြင့် အခမ်းအနားနဲ့၊ လက်ဆောင်တွေပေး၊ **Yes I Love You With The Love of The Lord** ဆိုတဲ့သီချင်းနဲ့ အသင်းတော်ဘောင်ထဲ သွတ်သွင်း၊ ဝမ်းမြောက်စွာ ကြိုဆိုကြမှာ ဖြစ်ပါတယ်။



**တမန်တော် ၈း၁၃ - ရှိမုန် သည်လည်း ကိုယ်တိုင်ယုံကြည်သည် ဖြစ်၍ ဗတ္တိဇံကို ခံပြီးမှ - - နိမိတ်လက္ခဏာများကို မြင်၍ မိန်းမောတွေဝေလျက် ရှိလေ၏။**

အသင်းတော်ထဲရောက်တဲ့အခါ သာမာန်ယုံကြည်သူတွေ ထက် သာသနာပြုချင်တဲ့ ဆန္ဒရှိပါတယ်။ (သူကိုယ်တိုင် သာမာန်သူထက် ထူးတဲ့ နတ်ဝိဇ္ဇာသမား ဆိုတာ မမေ့ပါနဲ့။) ယုံကြည်သူ တမန်တော် ဖိလိပ္ပုက ခရစ်တော်နာမနဲ့ ပြုတဲ့ အံ့ဩဘွယ် နိမိတ်လက္ခဏာကို "ရှိမုန်"မြင်ရပါတယ်။

ရှမာရိမြို့မှာ ရှိတဲ့ ယုံကြည်သူ တွေဟာ သန့်ရှင်းသော ဝိညာဉ် တော် မခံရသေး တာကို သိတဲ့ ယေရှုရဲ့ တပည့်တော်တွေက ထိုသူတွေ အပေါ် လက်တင်ပြီး ဆုတောင်း ပေးတဲ့အခါ၊ ထိုသူတွေ သန့်ရှင်းသော ဝိညာဉ်တော် ရတာကို ရှိမုန် အံ့ဩစွာ တွေ့လိုက်ရပါတယ်။ အဲဒီအခါမှ သူ့စိတ်ထဲမှာ ပြင်းပြတဲ့ ဆန္ဒတခု ပေါ်လာပါတယ်။ ဒါကတော့ သူ့လက်နဲ့ လူပရိတ်သတ်ကို လက်တင်ပြီး သန့်ရှင်းသော ဝိညာဉ်တော် ရအောင် လုပ်ပေးလိုတဲ့ဆန္ဒ ဖြစ်ပါ တယ်။

ဒီဆန္ဒကို ဘုရားသခင် အခွင့်နဲ့ မခံယူဘဲ သူ့ရဲ့ ဇာတိစိတ် အားကြီးခြင်းနဲ့ ရယူခဲ့ပါတယ်။ ရှိတဲ့ငွေတွေ၊ ရွှေတွေကို ယူလာ၊ တမန်တော်တွေရဲ့ ခြေရင်းမှာ ချထားပြီး၊ "ဒီငွေတွေကို ယူပါ၊ ပြီးရင် ကျွန်တော့်ကိုလဲ ဒီလိုမျိုး တန်ခိုးရှိအောင် လုပ်ပေးပါ" လို့ဆိုပါတယ်။

**(တမန်တော် ၈း၁၈–၂၂ တမန်တော်တို့ လက်ကိုတင်သော အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်သည်ကို ရှိမုန် မြင်လျှင်၊ ငွေကို ယူဆောင်ခဲ့၍ – – အကျွန်ုပ်၏ လက်တင်ခြင်းကို ခံရသောသူသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံစေမည် အကြောင်း အကျွန်ုပ် အား အခွင့် ပေးပါဟု တောင်းသော် ပေတရုက၊ ဘုရား သခင်၏ ကျေးဇူးတော်ကို ငွေနှင့် ဝယ်ယူမည်ဟု အကြံ ရှိသောကြောင့်၊ သင်နှင့်တကွ သင်၏ ငွေသည် ပျက်စီးခြင်းသို့ ရောက်ပါစေ။ – – သင်၏ စိတ်နှလုံး သည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်း မရှိ ။ – – နောင်တရလော့။ )**

ဒီကျိန်ဆိုခြင်းရဲ့နောက်မှာ ရှိမုန်ရဲ့ လုပ် ဆောင်ချက်ကို ကျမ်းစာထဲမှာ နောက်ထပ် မတွေ့ တော့ပါ။ သူ့ရဲ့ ဝိညာဉ်ရေးရာ ကျဆုံးသွားဖို့ သေချာ သလောက် ရှိခဲ့ပါတယ်။ ဘုရားသခင်ရဲ့ သာသနာလုပ်ငန်းမှာ ဘယ်အရာကိုမှ ရှေ့တန်းမတင်မိဖို့လိုပါတယ်။ အသင်းတော်ထဲမှာ ခရစ်တော် သာလျှင် အဓိက ဆိုတာကို မမေ့ကြပါနဲ့။

နောက်ဆုံး ရလဒ်ကတော့ – ဘုရားသခင်ရဲ့ သာသနာမှာ လူ့ရဲ့ တတ်ကျွမ်းမှု၊ ဉာဏ်ပညာ၊ ရာထူး၊ ဇာတိအတ္တ သဘောထား၊ ဝါသနာ၊ လူမျိုးချစ်စိတ်၊ မာန်မာန၊ အတ္တတွေနဲ့ အရောင်မဆိုးဖို့ လိုပါတယ်။ ဘုရားသခင် နောက်ကို လိုက်တဲ့အခါ၊ အခြား ဘယ်အရာကိုမှ ခုတုံး မလုပ်၊ အရောင် မဆိုးဘဲ သန့်သန့်လေး လိုက်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ပါဝင်ဆက်ကပ်နေတဲ့ အသင်းတော်တွေမှာ ရှိမုန်လို အထက်က ဖော်ပြခဲ့တဲ့ အရာတွေ ရောယှက်လာရင်တော့ ကျွန်တော်တို့ အသင်းတော်ဟာ နို့နဲ့ မပျောက်သေးတဲ့ ကလေးတွေ ရန်ဖြစ်တဲ့ ကစားကွင်းတစ်ခု ဖြစ်နေအုံး မှာပါဘဲ။

**( သာမာန်လူ )**

## ကိုယ်တော်မပါတဲ့ ကျွန်ုပ်ရဲ့ ဘဝခရီး



ကိုယ်တော် မပါ နံနက်ခင်းတိုင်းဟာ
အကျည်းတန် ရုပ်ဆိုး မြို့ပျက် တစ်ခုလိုမျိုး ။
ကိုယ်တော် မပါ နေ့ခင်းတိုင်းဟာ
ပူအိုက်မောပန်း ရင်မှာနွမ်းလျ ။
ကိုယ်တော် မပါ ညခင်း ဆည်းဆာဟာ
လေညှင်းနဲ့ အတူ အလွမ်းတွေ ပူ ။
ကိုယ်တော် မပါက သန်းခေါင်ယံ ညဆို
အိမ်မက်ဆိုးများနဲ့ ငါ လန့်နိုးသွားခဲ့ ။
ကိုယ်တော် မပါက ကျွန်ုပ် ဘဝဟာ
ပျော်ရွှင်ခြင်းကင်း အဓိပ္ပါယ်မဲ့ ။
ကိုယ်တော် မပါ အသက်တာလမ်းဟာ
ဆင်ကန်း တောတိုး လမ်းပျောက် သလိုမျိုး ။
ကိုယ်တော် မပါ ကျွန်ုပ်အသက်တာ
တံတွေးခွက်ထဲ ပက်လက်မျော ။
ကိုယ်တော် – –
ကျွန်ုပ် ဘဝထဲ ပြန်လာခဲ့ဖို့
တောင်းပန် ဒူးထောက်
လက်ကို မြှောက်လျှက်
အရှုံး ပေးပါပြီ ။

**နောင်တဆူး**

# မင်္ဂလာ ၃



နှစ်ကိုယ်တူ နီးမဲ့ ၊ အလိုတူ ခရီးအတွက်
ဆားမပါ ဆီမစွက် ၊ ထမင်းရည် အတူလျက် ရအောင်လဲ
တို့ မမွဲ ခဲ့ပါဘူးလေ ။
အိမ် တစ်ဆောင် မီး တစ်ပြောင်
ဘဏ်ထဲမှာ ဒေါ်လာ သန်းတစ်ထောင်နဲ့
လက်မ ထောင်နိုင်ရအောင်လဲ တို့ မကြီးပွား သေးပါဘူးလေ ။
လိုတာ မရတဲ့ ထိုခနမှာ ၊ အပျိုဘဝ ကလို
မျက်နှာ ပေါင်းတင်ဖို့ထက် ၊ အသက်တာဟောင်း ပြင်ဖို့ ခက်တယ် မိန်းမရေ ။
ရှေ့ဆက်မဲ့ ခရီးအတွက်
ကတောက်ကဆ ဖြစ်ချင်သလား ၊
မလောက်ငှ လို့ အပြစ်မြင်သလား ၊
နှစ်ယောက် တစ်ဘဝ ချစ်ချင်သလား ။
စဉ်းစားကြည့်ပါ မိန်းမရေ ။
တကယ်လို့သာ – ဘုရားသခင်က
တို့နှစ်ယောက်ကို သနားကြင်ပြီး
လိုရာဆု တစ်ခုတည်းသာ တောင်းပြုစေဖို့ မောင်းထုပြီး ဆိုလာခဲ့ရင်
မင်း ဘာဆု တောင်းမှာလဲ လေ ။
ကား ဆုလား ၊ သား ဆုလား ။
ပတ္တမြား ဆုလား ၊ သမ္မာတရား ဆုလား ။
အမေရိကား ဗီဇာ လား ၊ ဩစတေးလျား ပီအာ လား ။
ဒါမှမဟုတ် – တို့အဖေ အရက်သမားကြီးရဲ့ လက်သုံးဂါထာ
"ကျေးဇူးတော်သာ အရာရာ"ဆိုတဲ့ ဆုလား ။
မင်း ဖြေချင်ရာ ဖြေလိုက်လေ ။
တို့အတွက်တော့ – ယုံကြည်သူ ဈေးကွက်မှာ
သုတ္တံ ၃၀း၇–၉ ထဲက
ရှောလမုန် မင်းကြီးရဲ့ ဆုတောင်းချက်
ဒီနှစ်ထဲမှာ အရောင်းသွက်အုံးမှာဘဲလေ။

**အခြေပြုကျမ်း – သုတ္တံ ၃၀း၇–၉**

**ကိုယ်တော်ထံမှာ ဆုနှစ်ပါးကို အကျွန်ုပ် တောင်းပါ၏။ အကျွန်ုပ် မသေမှီ တိုင်အောင် ငြင်းတော်မမူပါနှင့်။ – – – ။ ဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်း ကို ပေးတော်မမူပါနှင့်။ အသက်မွေးလောက်သော အစာကို ပေးတော်မူပါ။ သို့မဟုတ် အကျွန်ုပ်သည် ကြွယ်ဝ၍၊ ထာဝရဘုရားကား၊ အဘယ်သူ နည်းဟု စိုးရိမ်စရာရှိပါ၏။ သို့မဟုတ်– ဆင်းရဲ၍ သူ့ဥစ္စာကို ခိုးသဖြင့်၊ အကျွန်ုပ်၏ ဘုရားသခင် နာမတော်ကို မုသာနှင့် ဆိုင်၍မြွက်ဆိုမည် ဟုစိုးရိမ်စရာ ရှိပါ၏ ။**

( မင်္ဂလာသက်တမ်း သုံးနှစ်ပြည့် အမှတ်တရ – )

**မင်းအောင်သက်လွင်**

# HAPPY NEW YEAR ( 2006 )








ဒီဇင်ဘာ (၃၁) ရက်နေ့
အဲဒီနေ့ပေါ့
နှစ်ဟောင်းရဲ့ နောက်ဆုံး နှုတ်ဆက်တဲ့ နေ့
မနက်ဖြန် ဆိုရင် နှစ်သစ်ကို ရောက်ပြီ ။
ပြီးခဲ့တဲ့ နှစ်ဟောင်းက ၊ မှားခဲ့တဲ့ အမှားတွေကို
လက်ချိုးလို့ ရေတွက်ကြည့်တော့ ၊
ကိုယ့်ကိုယ်ကို အနေခက် ခဲ့တယ် ။

မမျှော်လင့်ဘဲ လုပ်ငန်းခွင် အက်ဆီးဒင့် ဖြစ်ခဲ့လို့
(၄)ချက် ချုပ်ခဲ့ရတဲ့ "တန်တော်ဆင်" ဆေးရုံမှာ – –

"ယနေ့ ဒေါ်လာငွေ ဈေးအတက် အကျ"
ကိုယ်နဲ့ မဆိုင်သလို – –

"သကာရည် အပြုံးတွေ ဟန်လုပ်"
ပြီးတော့မှ နောက်ကျောကို ဓါးနဲ့ ထိုးတဲ့
မိတ်ဆွေတုတွေ (နေ့စဉ် မြင်နေကျ မြင်ကွင်းတစ်ကွက် )

"အထူ အပါး နားမလည်တဲ့"
ခေတ်သစ် ပေါင်းသင်း ဆက်ဆံရေး

"လူမြင်ရင် မှတ်မိပါတယ် ဆိုတဲ့"
မိတ်ဆွေတစ်ချို့က မမြင်ချင်ယောင် ဆောင်သွားကြ – –
(အကူအညီ တောင်းမှာ စိုးလို့)
တကယ့် မိုးထဲ ရေထဲ အခက်အခဲတွေကြားမှာ
နောက်ကို လှည့်ကြည့်တော့
တစ်ယောက်မှ မရှိတော့ဘူး – –
"ကျုပ်လိုချင်တာ မျှော်လင့်ချက်မပါတဲ့ မိတ်ဆွေစစ် "
တစ်နှစ်တာ ဇယားတွေကို
စာရင်းချုပ် လိုက်တော့
ခေါင်းစား သွားသလို ခံစားရ
နှစ်ဟောင်းက အမှားတွေကို
ဆေးကြောဘို့
ပွဲတော် စပျစ်ရည် ပုလင်းကို ဖောက်
တစ်ယောက်ကို တစ်ခွက်ကျစီ ကိုင်မြှောက်လို့
**Happy New Year 2006** ဆိုပြီး
၃၁ ဒီဇင်ဘာ ၂၀၀၅ နေ့ရဲ့ –
ဒေသ စံတော်ချိန် (၁၂) နာရီ စွန်းစွန်းလေးမှာ ၊
နှစ်သစ်ကို ကြိုဆိုလိုက်တယ်။
ကဗျာရေးတဲ့ – – **( သက်တံချို )**

**(နှစ်ဟောင်းက အညစ်အကြေးတွေ ပျောက်လို့ စင်ကာပူရောက် ရွှေမျှား နှစ်သစ် ၂၀၀၆ မှာ လိုအင်ဆန္ဒတွေ ပြည့်ဝ ကြပါစေ )**